LESSONS FOR THE SISTERS
Lesson 37

# ဓမ္မဟောင်း၌ရှိသော မိန်းမတို့၏စံနမူနာနှင့် ပုံသက်သေများ (၉)–
# မိရိအံနှင့် ဇလောဖဒ်သမီးများ

ဖတ်ရန်ကျမ်း။ ။ စာရင်း၊၁၂း၁–၁၅။ ၂၇း၁–၁၁။ ၃၆း၁–၁၃

**I. "မောရှေသည် ကုရှအမျိုးမိန်းမနှင့် စုံဖက်သည်ဖြစ်၍၊ ထိုမိန်းမကြောင့် မိရိအံနှင့် အာရုန်သည် မောရှေကို အပြစ်တင်လျက်၊...မိုးတိမ်သည် တဲတော်အပေါ်မှ ကွာသွား၏။ မိရိအံသည်လည်း နူနာစွဲ၍ နှင်းပွင့်ကဲ့သို့ *ဖြူ*လေ၏။ ... မိရိအံကို နှင်ထုတ်၍ သူသည် ခုနစ်ရက်ပတ်လုံး တပ်ပြင်မှာ နေရ၏။ မိရိအံ အနာမပျောက်မီတိုင်အောင် လူများတို့သည် ခရီးမသွားဘဲ နေကြ၏–စာရင်း၊၁၂း၁၊၁၀၊၁၅။**

က။ မိရိအံနှင့် အာရုန်သည် မောရှေ၏သွေးသားရင်းချာ ဆွေမျိုးများဖြစ်ပြီး၊ နှစ်ဦးလုံးသည် ပရောဖက်များဖြစ်ကြသည်– ထွ၊ ၄း၁၀–၁၆။ ၆း၂၀–၇း၁။ ၁၅း၂၀။

၁။ ဤနေရာရှိ သူတို့၏စကားက မောရှေထက် အသက်ပို၍ကြီးသောကြောင့်၊ သူတို့ကိုယ်သူတို့ မောရှေထက် ပို၍မြင့်မားကြောင်း မှတ်ယူလျက်၊ မောရှေခံရသည့် ပိုမိုကြီးမားသောရိုသေလေးမြတ်မှုကို မနာလိုဖြစ်နေကြောင်း ညွှန်ပြသည်။

၂။ မိရိအံနှင့် အာရုန်သည် ကုရှအမျိုးမိန်းမနှင့် လက်ထပ်သော မောရှေ၏သိသာထင်ရှားသောအမှားကို အကြောင်းပြချက်အဖြစ် ယူဆောင်၍ သူ့အသရေကို ဖျက်ခဲ့ကြသည် (အငယ်၊ ၁)။ သို့သော် ဤနေရာတွင် အမှန်တကယ် ဖြစ်ပွားသောကိစ္စရပ်မှာ ဘုရားသခင်၏စကားတော်ကို မည်သူရရှိသည်ဟူသောမေးခွန်းနှင့် သက်ဆိုင်သည်။

၃။ မိရိအံနှင့် အာရုန်သည် ဘုရားသခင်အတွက် စကားပြောရန် ကိုယ်တော့်အားဖြင့် အသုံးပြုခြင်းခံရသော်လည်း၊ သူတို့နှစ်ဦးလုံးမှာ ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသူများ မဟုတ်ကြပေ။ မောရှေတစ်ဦးတည်း၌သာ ဘုရားသခင်၏စကားတော်ရှိသည်။ မောရှေကို မနာလိုကြသဖြင့် မိရိအံနှင့် အာရုန်သည် ဘုရားသခင်အတွက် စကားပြောခြင်းအကြောင်း၌ မောရှေနှင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ခ။ မောရှေကို အပြစ်တင်ခြင်း၌ မိရိအံနှင့် အာရုန်သည် ဘုရားသခင်၏ကိုယ်စားပြုအခွင့်အာဏာကို အပြစ်တင်နေခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် မောရှေကို ကိုယ်တော်၏ကိုယ်စားပြုအခွင့်အာဏာဖြစ်ရန်၊ မြေကြီးပေါ်တွင် ကိုယ်တော်၏ အခွင့်အာဏာကို ကိုယ်စားပြုရန် ခန့်အပ်ခဲ့သည်–ထွ၊၃း၁၀–၁၈က။ ၇း၁။

ဂ။ ဘုရားသခင်၏ အစိုးရခြင်းဆိုင်ရာစီမံခန့်ခွဲမှုအရ မိရိအံနှင့် အာရုန်သည် မိမိတို့ကိုယ်ကို မောရှေထံ ဝန်ခံမှုရှိကြရမည်ဖြစ်သည်။ သို့သော် သူတို့သည် ပုန်ကန်ခဲ့ကြသည်။

ဃ။ "ထိုအခါ ယေဟောဝါသည် မိုးတိမ်တိုင်ဖြင့် ဆင်းသက်၍၊ စည်းဝေးရာတဲတော်တံခါးဝ၌ ရပ်လျက်၊ အာရုန်နှင့် မိရိအံကို ခေါ်တော်မူ၍၊ သူတို့သည် ချဉ်းကပ်ကြ၏"–စာရင်း၊၁၂း၅။

၁။ ဘုရားသခင်သည် မိရိအံနှင့် အာရုန်၏ အသရေဖျက်ပြောဆိုခြင်းကို အလေးအနက်ထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းအရာသည် ဘုရားသခင်၏ အခွင့်အာဏာကို ထိတွေ့ခဲ့သောကြောင့်ဖြစ်သည်။

၂။ ဘုရားသခင်၏ အခွင့်အာဏာကို ထိတွေ့ခြင်း၊ ဖီဆန်ခြင်း သို့မဟုတ် စိန်ခေါ်ခြင်းသည် ဘုရားသခင်၏ပလ္လင်တော်ကို လှုပ်ခါခြင်းဖြစ်သည်။

င။ မိရိအံ၏နူနာစွဲခြင်းသည် ဘုရားသခင်၏ အုပ်စိုးခြင်းဆိုင်ရာ ဆက်ဆံဖြေရှင်းခြင်းဖြစ်သည်။

၁။ ဘုရားသခင်သည် မိရိအံကိုသာ အပြစ်ပေးပြီး၊ အာရုန်ကို မပေးခဲ့ခြင်းမှာ မိရိအံသည် ဤပုန်ကန်ခြင်း၌ ဦးဆောင်လှုံ့ဆော်ခဲ့သောကြောင့် ဖြစ်နိုင်သည်။

၂။ ထို့ပြင် ပုန်ကန်ခြင်းသည် အထူးသဖြင့် အမျိုးသမီးတစ်ယောက်အတွက် မသင့်လျော်သောကြောင့်၊ ဘုရားသခင်သည် အစ္စရေးအမျိုးသားများအလယ်ရှိ မိန်းမများအားလုံးကို မိရိအံနောက် မလိုက်ဖို့ သတိပေးနှိုးဆော်ရန် မိရိအံကို အပြစ်ပေးခဲ့သည်–ညွှန်း၊ ၁ကော၊၁၁း၃။ ၔ၊၅း၂၂–၂၄။

စ။ ခုနစ်ရက်ကြာပြီးမှသာ စည်းဝေးရာတဲတော်သည် ခရီးဆက်ခဲ့သည်။ ကျွန်ုပ်တို့အလယ်တွင် ပုန်ကန်ခြင်းနှင့် ပုတ်ခတ်ဝေဖန်ခြင်း

ရှိသောအခါတိုင်း ဘုရားသခင်၏ မျက်မှောက်တော်သည် ကွယ်ပျောက်သွားပြီး၊ တဲတော်သည် ရွေ့ဆက်သွားခြင်းမရှိတော့ပေ– စာရင်း၊၁၂း၁၄–၁၅။

၁။ ပုတ်ခတ်ဝေဖန်သောစကားများသည် စီရင် မခံရမချင်း မိုးတိမ်တိုင် ရောက်လာမည်မဟုတ်ပါ။

၂။ အခွင့်အာဏာ၏ အကြောင်းအရာကို မဖြေရှင်းပါက၊ အခြားကိစ္စရပ်များအားလုံးသည် အတည်မပြုနိုင်သေးပါ။

ဆ။ ပုတ်ခတ်ဝေဖန်ခြင်း ရှိနေသောအခါ၊ အတွင်း၌ ပုန်ကန်သောဝိညာဉ် ရှိနေကြောင်း သက်သေပြသည်။ ပုတ်ခတ်ဝေဖန်ခြင်းသည် ဤပုန်ကန်ခြင်းမှ အညှောက်ထွက်လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကြောက်ရွံ့ကြရမည်ဖြစ်ပြီး၊ စကားကို မဆင်မခြင် မပြောရပေ။

၁။ ယနေ့ များစွာသောသူတို့သည် ရှေ့၌ရှိသောသူတို့ကို အပြစ်တင်ကြသည်။ သူတို့သည် အသင်းတော်၌ တာဝန်ရှိသော ညီအစ်ကိုများကို အပြစ်တင်ကြသည်၊ သို့သော် သူတို့သည် ဤအကြောင်းအရာ၏ လေးနက်မှုကို မသိကြပေ။

၂။ တစ်နေ့တွင် အသင်းတော်သည် ဘုရားသခင်ထံမှ ကျေးဇူးတော်ကို ရရှိပါက၊ သူမသည် ဘုရားသခင်၏ အစေခံကို ပုတ်ခတ်ဝေဖန်သောသူတို့ထံမှ သူမကိုယ်သူမ ခွဲခြားထားလိမ့်မည်ဖြစ်သည်။ သူတို့သည် နူနာစွဲနေသောကြောင့် သူမသည် သူတို့ကို စကားပြောလိမ့်မည်မဟုတ်ပေ။

၃။ ဤအရာသည် ကျွန်ုပ်တို့၏ ညီအစ်ကိုနှင့် ဆိုင်သောအရာ မဟုတ်ဘဲ၊ ဘုရားသခင်ခန့်အပ်ထားသော အခွင့်အာဏာနှင့်ဆိုင်သောအရာဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့ထံသို့ ကရုဏာတော်ကြွယ်ဝပါစေ။ ကျွန်ုပ်တို့သည် အခွင့်အာဏာနှင့် တွေ့ဆုံခဲ့ပါက၊ ဘုရားသခင်ကို ကျွန်ုပ်တို့ ဆန့်ကျင်ပြစ်မှားနေသည့် အဖြစ်အပျက်များ အလွန်များကြောင်း သိနားလည်ကြလိမ့်မည်။

၄။ ထို့နောက် အပြစ်နှင့် စပ်လျဉ်းသော ကျွန်ုပ်တို့၏ ယူဆချက်သည် ပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မြင်ကွင်းမှနေ၍ အပြစ်ကို မြင်တွေ့လိမ့်မည်။ ဘုရားသခင်စီရင်သောအပြစ်သည် လူ၏ ပုန်ကန်ခြင်းဖြစ်သည်။

**II. "ဇလောဖဒ်သမီးတို့၏စကားသည် လျောက်ပတ်ပေ၏။ အမှန်စင်စစ် သူတို့အဖ၏ညီအစ်ကိုတို့နှင့်အတူ အမွေ ပိုင်ဆိုင်ရသောအခွင့်ကို သူတို့အား ပေးရမည်။ သူတို့အဖ၏ အမွေဥစ္စာသည် သူတို့လက်သို့ ရောက်စေရမည်" (စာရင်း၊ ၂၇း၇)။ "သူတို့သည် အလိုရှိသောသူနှင့် စုံဖက်ပါလေစေ။ သို့ရာတွင် မိစဉ်ဘဆက်အမျိုးသားမှတစ်ပါး၊ အခြားသူနှင့် စုံဖက်ခြင်းကို မပြုစေနှင့်"(၃၆း၆)။**

က။ ဇလောဖဒ်၏ သမီးငါးယောက်သည် ဘုရားသခင်၏ အမြင်၌ မိန်းမများ၊ ပို၍အားနည်းသူများဖြစ်သည့် (၁ပေ၊၃း၇) ခရစ်တော်၌ ယုံကြည်သူများ အားလုံးကို ပုံဆောင်သည်။ ထို့ကြောင့် သူတို့၏ တောင်းဆိုမှုသည် (စာရင်း၊ ၂၇း၄) ကျွန်ုပ်တို့အားလုံး အတွက်ဖြစ်သည်။

၁။ သူတို့အဖ၏ အမည်ကို စောင့်ထိန်းရန်နှင့် သူတို့မျိုးနွယ်အတွင်း အဖ၏ အမွေကို စောင့်ထိန်းနိုင်ရန်အလို့ငှာ၊ ဇလောဖဒ်၏ သမီးများသည် ပိုမိုအားကြီးသောယောကျ်ားသား ဆွေမျိုးများထံ ဆက်သွယ်ခြင်းအားဖြင့် မိတ်သဟာယဖွဲ့ခြင်းနည်းလမ်းကို ယူဆောင်ခဲ့သည်–အငယ်၊၄။

၂။ အသင်းတော်အသက်တာ၌ ပိုမိုအားနည်းသော ယုံကြည်သူများအားဖြင့် ခရစ်တော်အား မွေ့လျော်ဝမ်းမြောက်ခြင်းကို စောင့်ထိန်းရာ၌ တူညီသောမူအလေ့အလာကို ယူဆောင်လျှောက်လှမ်းနိုင်သည်။

ခ။ ကျမ်းစာ၌ အမွေသည် ဆွေစဉ်မျိုးဆက်အတိုင်း၊ အသက်၏ အရင်းအမြစ်နှင့် အသက်၏ မိတ်သဟာယဖွဲ့ခြင်းအတိုင်း ဆုံးဖြတ်ခြင်းဖြစ်သည်–စာရင်း၊ ၂၇း၁။

၁။ ဇလောဖဒ်၏ သမီးများသည် ယောသပ်၏ သား၊ မနာရှေအဆွေအမျိုး၌ ပါဝင်ခြင်းမှာ သူတို့သည် မှန်ကန်သော ဇာစ်မြစ်၏ အသက်နှင့် အသက်၏ မိတ်သဟာယ၌ ရှိကြကြောင်းကို ညွှန်ပြသည်။

၂။ ဤသည်မှာ ကျွန်ုပ်တို့၏ ကောင်းသောမြေတည်းဟူသောခရစ်တော်ကို အမွေခံနိုင်ရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် အသက်၏ မှန်ကန်သောဇာစ်မြစ် ရှိကြရမည်ဖြစ်ကြောင်း ရည်ညွှန်းသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားများဖြစ်ရန် ကိုယ်တော်၏ မွေးဖွားခြင်းခံကြရမည်–ယော၊၁း၁၂–၁၃။

ဂ။ အဖ၏ အဆွေအမျိုးသည် အသင်းတော်ကို ပုံဆောင်သည် (ဧ၊ ၂း၁၉)။ ကျွန်ုပ်တို့၏ အမွေတည်းဟူသော ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်လိုသည်၊ ကိုယ်တော်၏ ကြွယ်ဝခြင်းများ၌ ပါဝင်ဆက်ဆံလိုသည်ဆိုပါက၊ ကျွန်ုပ်တို့၌လည်း အသင်းတော်

အသက်တာရှိကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်၏မိတ်သဟာယနှင့်အတူ အသင်းတော်အသက်တာကို စွန့်လွှတ်မည်ဆိုပါက၊ ခရစ်တော်အား မွေ့လျော်ဝမ်းမြောက်ခြင်းကို အမွေခံရမည့် ကျွန်ုပ်တို့၏အခွင့်အရေးကို အလိုအလျောက်ဆုံးရှုံးသွားလိမ့်မည်ဖြစ်သည်။

ဃ။ ပုံဆောင်ချက်အရ သူတို့အဖ၏ အမွေကို ပိုင်ဆိုင်ရန် ဇလောဖဒ်သမီးများ၏ အလိုဆန္ဒသည် ဘုရားသခင်၏ကျေးဇူးတော်ကို အမွေခံရန်၊ ဆိုလိုသည်မှာ ဘုရားသခင်က ကျွန်ုပ်တို့အား ပေးသနားသော ကျေးဇူးတော်တည်းဟူသောခရစ်တော်ကို အမွေခံရန် အလိုဆန္ဒကို ပုံဆောင်သည် (ကော၊၁း၁၂။ ယော၊၁း၁၇)။ ထိုကဲ့သို့ ဘုရားဆိုင်ရာအမွေကို အလေးထားခြင်းသည် ဘုရားသခင်ကို ကျေနပ်စေသည်။

င။ ဇလောဖဒ်သမီးငါးယောက်သည် သူတို့အဖ၏ညီအစ်ကိုများနှင့်အတူ အမွေကို ပေးအပ်ခံရခြင်းသည် သူတို့အား သူတို့မျိုးနွယ်မဟုတ်သောလူတို့နှင့် ထိမ်းမြားခြင်းမပြုရန် ထောက်မပေးခဲ့သည်–၃၆း၂–၃၊၆–၇။

၁။ ဘုရားသခင်သည် ထိုသမီးများကို သူတို့၏ကြိုက်နှစ်သက်မှုအတိုင်း လက်ထပ်ခွင့်ပြုခဲ့သော်လည်း၊ သူတို့၏ မိစဉ်ဘဆက်အမျိုးနှင့်သာဖြစ်သည်။

၂။ ဤအရာက သခင်ဘုရားသည် ကျွန်ုပ်တို့အား လွတ်လပ်ခွင့်ပေးသော်လည်း၊ ဤလွတ်လပ်ခွင့်ကို ဘုရားသခင်၏ကန့်သတ်မှု၊ နယ်နိမိတ်၊ စည်းမျဉ်းအတွင်း၌ လေ့ကျင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရည်ညွှန်းသည်– စာရင်း၊၃၆း၆၊ မှတ်စု ၁။ ညွှန်း၊ ဂလ၊၅း၁၃။

၃။ "အစ္စရေးအမျိုးသားအပေါင်းတို့သည် အသီးအသီး မိမိတို့မိစဉ်ဘဆက်အမွေ၌ နေရကြမည်" ဆိုသည်မှာ ကျွန်ုပ်တို့၏အမွေတည်းဟူသော ခရစ်တော်ကို လွှဲပြောင်း၍ မရနိုင်ကြောင်းနှင့် ဤအမွေတည်းဟူသော ကိုယ်တော့်ကို ဖက်တွယ်ထားသင့်ကြောင်း ပုံဆောင်သည်။

၄။ မူအလေ့အလာအရ ယုံကြည်သူတစ်ဦးအဖို့ မယုံကြည်သူတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခြင်းသည် အမွေတည်းဟူသော ခရစ်တော်ကို လွှဲပြောင်းနိုင်သကဲ့သို့ ဖြစ်စေခြင်း ဖြစ်သည်– စာရင်း၊၃၆း၇၊ မှတ်စု ၁။ ညွှန်း၊ ၂ကော၊၆း၁၄။

၅။ ခရစ်တော်၌ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအရာများကို အမွေခံရန် အခွင့်အရေးရရှိကြသည်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏"မျိုးနွယ်မှအပ" ဆိုလိုသည်မှာ ခရစ်တော်နှင့် အသင်းတော်မှအပ အခြားသူနှင့် ထိမ်းမြားခြင်းမပြုသင့်ပါ– ညွှန်း၊ ၂ကော၊၆း၁၄။

စ။ ယနေ့ ကျွန်ုပ်တို့သည် အားနည်းသောသူများ ဖြစ်နိုင်ပါသည်၊ သို့သော် ဘုရားသခင်၏ အိမ်တော်၊ အသင်းတော်၌ ပိုမိုသန်စွမ်းသောသူများ ရှိသည်။ အထူးသဖြင့် နီးကြားသောအုပ်စုများ၌ မိတ်သဟာယဖွဲ့ခြင်းမှတစ်ဆင့် အားနည်းသောသူများသည် ပိုမိုသန်စွမ်းသောသူများအားဖြင့် ခွန်အားခိုင်ခံ့မြဲမြံစေခြင်းခံရကာ၊ သူတို့၏အမွေအဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်ကြမည်ဖြစ်သည်။

LESSONS FOR THE SISTERS

Lesson 38

## ဓမ္မဟောင်း၌ရှိသော မိန်းမတို့၏ စံနမူနာနှင့် ပုံသက်သေများ (၁၀)–
## ယေဇဗေလနှင့် သေတာ

ဖတ်ရန်ကျမ်း။ ။ ၁ဘုရင်၊၁၆း၃၁–၃၃။ ၁၈း၁၃။ ၂၁း၁–၁၆၊ ၂၅–၂၆။ ၂ဘုရင်၊၉း၂၂။ဗျာ၊၂း၂၀။ သေ၊၂း၅–၂၀။ ၄း၁၃–၁၆ ၅း၁၇။ ၇း၁–၁၀။ ၈း၁–၁၃၊ ၁၇

**I. "အာဟပ်သည် ဇိဒုန်ရှင်ဘုရင် သေဗာလသမီး ယေဇဗေလနှင့် စုံဖက်ခဲ့သည်"– ၁ဘုရင်၊၁၆း၃၁။**

က။ ဇိဒုန်ပြည်မှ တစ်ပါးအမျိုးသားဖြစ်သော ယေဇဗေလသည် အစ္စရေးရှင်ဘုရင် အာဟပ်၏ဇနီး ဖြစ်သည်။ ယေဇဗေလသည် အာဟပ်အမျိုးအား ရုပ်တုတို့ကို ကိုးကွယ်ရန် သွန်သင်ခဲ့သောကြောင့်၊ ယေဟောဝါ၏ အမျက်တော်ကို နှိုးဆွစေ၍ ရလဒ်အနေဖြင့် အစ္စရေးအမျိုးသားတို့သည် ဖမ်းဆီးသိမ်းသွားခြင်းကို ခံခဲ့ရသည် – ၁၆း၂၉–၃၃။

"အာဟပ်သည် ဇိဒုန်ရှင်ဘုရင် သေဗာလသမီး ယေဇဗေလနှင့် စုံဖက်ကာ၊ ဗာလကို အစေခံ၍ ကိုးကွယ်လေ၏"– ၁၆း၃၁။

၁။ "ယေဇဗေလသည် ယေဟောဝါ၏ ပရောဖက်တို့ကို သတ်ခဲ့သည်" – ၁၈း၁၃။

၂။ "ဇနီး ယေဇဗေလက၊ ကိုယ်တော်သည် အစ္စရေးနိုင်ငံကို အစိုးရတော်မူသည် မဟုတ်လော။ ထ၍ စိတ်နှလုံးရွှင်လန်းလျက် စားတော်ခေါ် ပါ။ ကျွန်မသည် ယေဇရေလမြို့သား နာဗုတ်၏ စပျစ်ဥယျာဉ်ကို ဆက်ပါမည်ဟု ဆိုသည်အတိုင်း၊ ... နာဗုတ်သည် ကျောက်ခဲနှင့် ပစ်ခြင်းခံ၍ သေကြောင်းကို ယေဇဗေလကြားလျှင်၊ ယေဇရေလမြို့သား နာဗုတ်မရောင်းလိုသော စပျစ်ဥယျာဉ်ကို ထ၍ သိမ်းယူတော်မူပါ။ နာဗုတ် အသက်မရှိ၊ သေပါပြီဟု အာဟပ်အား ဆိုလေ၏" – ၂၁း၇၊ ၁၅။

၃။ "အာဟပ်သည် သူ၏ဇနီး ယေဇဗေလက တိုက်တွန်းသဖြင့်၊ ယေဟောဝါရှေ့တော်၌ ဒုစရိုက်ကို ပြုလို၍ ကိုယ်ကိုရောင်းသောသူဖြစ်၏" – အငယ်၊၂၅။

၄။ "သင့်အမိ ယေဇဗေလပြုသော မတရားသောမေထုန်အမှု၊ ပြုစားသောအမှုများသော ကာလအတွင်းတွင်" – ၂ဘုရင်၊၉း၂၂။

၅။ "ယေဟုသည် ယေဇရေလမြို့သို့ ရောက်သည်ကို ယေဇဗေလသည် ကြားလျှင်၊ မျက်ခမ်းတို့ကို ဆေးသုတ်၍ ဆံပင်ကိုတန်ဆာဆင်ပြီးမှ၊ ပြတင်းပေါက်ဝ၌ ကြည့်ရှုလျက်နေ၏" – ၉း၃၀။

၆။ "ငါ၏ အစေခံကျွန်တို့သည် မတရားသော မေထုန်ကို ပြုစေခြင်းငှာလည်းကောင်း၊ ရုပ်တုရှေ့မှာ ပူဇော်သော ယဇ်ကောင်ကိုစားစေခြင်းငှာလည်းကောင်း၊ ပရောဖက်မဟူ၍ ကိုယ်ကိုခေါ် ဝေါ် သောမိန်းမ ယေဇဗေလသည် သွန်သင်၍ လမ်းမှားသို့ဦးဆောင်စေသော အခွင့်ကို သင်သည် ပေးသောကြောင့်" – ဗျာ၊၂း၂၀။

ခ။ အာဟပ်၏ဇနီးဖြစ်သော၊ ရုပ်တုကိုးကွယ်သော ယေဇဗေလသည် အယူတိမ်းသော အသင်းတော်ကို ပုံဆောင်သည် – အငယ်၊၂၀–၂၃။

၁။ ယေဇဗေလသည် ဒိဋ္ဌိအယူနောက်ခံမှ လာခြင်းဖြစ်ပြီး၊ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းထဲသို့ ဒိဋ္ဌိအကြောင်းအရာများကို ယူဆောင်လာခဲ့သည် – ၁ဘုရင်၊၁၆း၃၁။ ၁၉း၁–၂။ ၂၁း၂၅–၂၆။ ၂ဘုရင်၊၉း၇။

၂။ အယူတိမ်းသော အသင်းတော်၏ အလေ့အလာမှာ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းနှင့်အတူ ရုပ်တုကိုးကွယ်ခြင်း၊ ဒိဋ္ဌိအကြောင်းအရာများကို ရောနှောရန် ဖြစ်သည်။ အယူတိမ်းသော အသင်းတော်သည် ဘုရား၏လူများကို ကိုယ်တော်အား ကိုးကွယ်ရန် ကူညီပေးသော်လည်း၊ ဘုရား၏နည်းလမ်း၌ မဟုတ်ဘဲ သူမ၏ကိုယ်ပိုင် ရုပ်တုများ၊ ဒိဋ္ဌိအရာများ၌ ကူညီခြင်းဖြစ်သည်။

၃။ သူမ၏ သမိုင်းအကြောင်းအစမှာပင် အယူတိမ်းသော အသင်းတော်သည် ဒိဋ္ဌိဝါဒကို မွေးစားခဲ့သည်။ သူမသွားသော နေရာတိုင်းတွင် သူမသည် ရုပ်တုတို့ကို ကိုးကွယ်ခြင်းနှင့် သက်ဆိုင်သောအရာများနှင့် ပေါင်းစပ်ဖွဲ့စည်းသွားသည်။

**II. "ထိုကာလတွင် ရှုရှန်မြို့တော်၌ ... မော်ဒကဲအမည်ရှိသော ဂျူးလူတစ်ယောက် ရှိ၏။ ... ထိုသူသည် ဘထွေးသမီး ဟဒဿတည်းဟူသော သေတာ၏ မွေးစားအဖေ ဖြစ်၏။ သူမသည် မိဘမရှိ။ ... မိဘသေသောအခါ မော်ဒကဲသည် သူမကို ကိုယ်သမီးကဲ့သို့ မှတ်သတည်း" – သေ၊၂း၅၊ ၇။**

က။ ကိုယ်တော်၏ လျှို့ဝှက်စွာ ဂရုစိုက်ခြင်း၌ ကိုယ်ကို ထင်ရှားစွာပြတော်မမူသော ဘုရားသခင်သည် မိဖုရားအဖြစ် နန်းတင်ချီးမြှောက်ရန် ဂျူးမိဘမဲ့ သမီးကညာဖြစ်သော သေတာကို ထွက်ပေါ် စေခဲ့သည်၊ သူမ၏ ဂျူးနာမည်မှာ ဟဒဿ ဖြစ်ပြီး၊ အဓိပ္ပာယ်မှာ *မုရတုပင်* ဖြစ်သည်၊ သူမ၏ ပေရသိနာမည်မှာ သေတာ ဖြစ်ပြီး၊ အဓိပ္ပာယ်မှာ *ကြယ်* ဖြစ်သည် – ၂း၁–၁၈။

၁။ ရှင်ဘုရင်သည် ဟာမန်အမည်ရသော အာဂတ်အမျိုးကို အထံတော်၌ရှိသော မှူးမတ်အပေါင်းတို့ထက် သာ၍မြင့်မြတ်

သောနေရာကို ပေးခဲ့သည် (ဘုရားသခင်၏ ရန်သူ၊ စာတန်၏ လှုံ့ဆော်မှုအားဖြင့် ဖြစ်သည်မှာ သံသယဖြစ်စရာ မလိုပါ) – ၃း၁။
၂။ ဟာမန်၏ ဆိုးညစ်သော ရည်ရွယ်ချက်မှာ ဂျူးလူအပေါင်းတို့ကို ဖျက်ဆီးရန်နှင့် သူတို့၏ ဥစ္စာကို သိမ်းယူရန်ဖြစ်သည် – အငယ်၊၅–၁၅။
၃။ ၄း၁ မှ ဂး၂ အထိတွင် ဟာမန်၏ အကြံအစည်ကို သေတာနှင့် ရှင်ဘုရင်၏ နီးစပ်သော၊ ရင်းနှီးသော ဆက်နွယ်မှုမှတစ်ဆင့် မော်ဒကဲ ရင်ဆိုင်ရသောဖြစ်ရပ်ကို မြင်တွေ့ရသည်။
က။ "မော်ဒကဲက သေတာအား ပြန်ပြောစေခြင်းငှာ . . . ယခုကာလ သင်သည် တိတ်ဆိတ်စွာနေလျှင် သင်နှင့် သင်၏ အဆွေအမျိုးသည် ပျက်စီး၍ ဂျူးတို့၏ သက်သာရာရခြင်း၊ ကယ်လွှတ်ခြင်းအကြောင်း တစ်စုံတစ်ခု ပေါ်လိမ့်မည်။ ယခုအမှုကို ဆောင်ဖို့ရာ သင်သည် နိုင်ငံတော်သို့ ရောက်လာခြင်း ဟုတ်၊ မဟုတ်ကို အဘယ်သူ သိနိုင်အံ့နည်းဟု မှာလိုက်၏" – ၄း၁၃–၁၄။
ခ။ "သေတာကလည်း မော်ဒကဲအား ပြန်ပြောစေခြင်းငှာ မှာလိုက်သည်ကား၊ ရှုရှန်မြို့၌ရှိသော ဂျူးအပေါင်းတို့ကို စုဝေးစေခြင်းငှာ သွားပါ။ နေ့ညမပြတ် သုံးရက်ပတ်လုံး မစားမသောက်ဘဲ နေ၍ အကျွန်ုပ်အဖို့ အစာရှောင်ခြင်း ပြုကြပါ။ အကျွန်ုပ်သည်လည်း ကျွန်မတို့နှင့်တကွ အစာရှောင်ခြင်း ပြုပါမည်။ ထို့နောက် အာဏာတော်ကို ဆန့်ရသော်လည်း၊ ရှင်ဘုရင်ထံတော်သို့ ဝင်မည်၊ ပျက်စီးလျှင် ပျက်စီးခံပါမည်ဟု ဖြစ်သတည်း" – အငယ်၊၁၅–၁၆။
၄။ ရှင်ဘုရင်နှင့်အတူ ဟာမန်သည် မိဖုရားသေတာ၏ စားသောက်ပွဲသို့ သွားသောအခါ၊ သူမက ဟာမန်သည် ဂျူးလူအပေါင်းတို့ကို သတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်သည့် ဆိုးညစ်သော ရန်ဘက်နှင့် ရန်သူဖြစ်ကြောင်း ညွှန်ပြခဲ့သည်။ ရှင်ဘုရင်သည် ချက်ချင်း ဟာမန်ကို သေစေရန် ပြစ်ဒဏ်စီရင်ပြီး၊ မော်ဒကဲအဖို့လုပ်သော လည်ဆွဲချတိုင်၌ ဟာမန်ကို ဆွဲချကြရန် အခြံအရံတို့ကို အမိန့်ပေးခဲ့သည် – ၇း၁–ဂး၂။
၅။ ရှင်ဘုရင်သည် မော်ဒကဲမှတစ်ဆင့် ဂျူးတို့အား အိန္ဒိယမှ အီသီယိုးပီးယားတိုင်အောင် ၎င်း၏ အင်ပါယာတစ်လျှောက်ရှိ သူတို့၏ ရန်သူအားလုံးကို ဖျက်ဆီးရန် အမိန့်တော် ပြဋ္ဌာန်းချက်စာကို ထုတ်ပြန်ပေးခဲ့သည် – ဂး၃–၁၄။
၆။ ရှုရှန်မြို့တော်သည် ကြွေးကြော်လျက် ဝမ်းမြောက်ရွှင်လန်းခြင်းသို့ ရောက်လေ၏။ ဂျူးလူတို့သည်လည်း သက်သာရွှင်လန်း၍ ဝမ်းမြောက်ခြင်း၊ အသရေထွန်းလင်းခြင်းသို့ ရောက်ကြ၏။ ရှင်ဘုရင် အမိန့်တော်ပြဋ္ဌာန်းစာ ရောက်လေသော အပြည်ပြည်၊ အမြို့မြို့၌ ဂျူးလူတို့သည် ဝမ်းမြောက်ရွှင်လန်းခြင်း၊ ပွဲခံခြင်း၊ မင်္ဂလာနေ့စောင့်ခြင်းကို ပြု၍ ပြည်သူပြည်သား အများတို့(ဒိဋ္ဌိများ)သည် ဂျူးလူတို့ကို ကြောက်ရွံ့သောကြောင့် ဂျူးဖြစ်လာကြ၏ – အငယ်၊၁၅–၁၇။
၇။ ဂျူးများသည် ရှင်ဘုရင် အာရွေရု၏ အုပ်စိုးခြင်းအောက်တွင် ဒုတိယဘုရင်ဖြစ်သော မော်ဒကဲနှင့်အတူ မိဖုရား သေတာ၏ လွှမ်းမိုးမှုဖြင့် အင်ပါယာတစ်လျှောက် သူတို့၏ ရန်သူများကို ဖျက်ဆီးခဲ့ကြသည် – ၉း၁–၁၆။
ဂ။ အောင်ပွဲခံရသည့် ဂျူးများသည် သူတို့၏ ရန်သူများအပေါ် အောင်ပွဲဆင်နွှဲရန် အာဒါလ တစ်ဆယ့်လေးရက်နှင့် တစ်ဆယ့်ငါးရက်နေ့တို့ကို ပုရိမ်နေ့အဖြစ် သတ်မှတ်ကာ၊ စောင့်ထိန်းခဲ့ကြသည်။ ပုရိမ်နေ့ကို သတ်မှတ်ခြင်းနှင့် စောင့်ထိန်းခြင်းအား မြဲမြံစွာ တည်စေခြင်းငှာ မိဖုရား သေတာနှင့် ဂျူးအမျိုး မော်ဒကဲတို့သည် ကျပ်တည်းစွာ အာဏာထား၍ မှာစာကို တစ်ဖန် ရေးထားကြ၏ – အငယ်၊၁၇–၃၂။

ခ။ သေတာသည် ပုန်းကွယ်နေသော အသွေးအသားတည်းဟူသော ဟာမန်ကို ဆက်ဆံဖြေရှင်းရန် လေ့ကျင့်လုပ်ဆောင်ခဲ့သည်။
၁။ ဟာမန်သည် ရှမွေလအားဖြင့် အပိုင်းပိုင်း ဖြတ်တောက်ခြင်းခံရသော အာမလက် ရှင်ဘုရင် အာဂတ်မှ(၁ရှမွေ၊၁၅း၃၃) ဆင်းသက်လာသော အာဂတ်အမျိုးသား ဖြစ်သည်။ အာမလက်သည် အသွေးအသားကို ပုံဆောင်သည် (ထွက်၊၁၇း၁၀–၁၆။ ဂလ၊၅း၁၆–၁၇၊ ၂၄)။
၂။ ဘုရားသခင်သည် ဟာမန်အားဖြင့် ပုံဆောင်ခြင်းခံရသော အသွေးအသားကို မုန်းတော်မူသည်၊ သေတာစာစောင်အရ အသွေးအသားသည် ဘုရားသခင်၏ လူများကို နှောင့်ယှက်ဖျက်ဆီးရန်နှင့် သူတို့ကို သေစေရန်ပင် ပုန်းကွယ်နေသော နည်းလမ်းဖြင့် လုပ်ဆောင်နေသည်။ ယနေ့ ဟာမန်တည်းဟူသော အသွေးအသားသည် အသင်းတော်၌ လုပ်ဆောင်ရန် ကြိုးစားနေသည်။
၃။ အစ္စရေးတို့ကို သုတ်သင်ပယ်ရှင်းမည့် ဟာမန်၏ လျှို့ဝှက်ကြံစည်မှုသည် နောက်ဆုံးတွင် ဖော်ထုတ်ခြင်း၊ တားဆီးခြင်းခံရသည်၊ သေတာ၏ အကူအညီမှတစ်ဆင့် ဟာမန်သည် ကွပ်မျက်ခံခဲ့ရသည်။

ဂ။ ယနေ့ ဘုရားသခင်၏ လူများ၌ လိုအပ်မှု များစွာရှိကြသည်။ သို့သော် ကိုယ်တော်သည် သူကိုယ်တော်တိုင်အားဖြင့် အံ့ဖွယ် နိမိတ်လက္ခဏာများကို လုပ်ဆောင်ခြင်းဖြင့် သူ၏ လူတို့ကို မကယ်တင်လိုပါ။ ကိုယ်တော်သည် သင့်ကို အသုံးပြုလိုပါသည်။ ဘုရားသခင်သည် အံ့ဖွယ်သောအရာများကို လုပ်ဆောင်နိုင်ပြီး၊ ကယ်တင်မှု ပြုနိုင်သော်လည်း၊ ကိုယ်တော်သည် သင့်အားဖြင့် ထိုအရာတို့ကို လုပ်ဆောင်လိုသည်။ မေးခွန်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ မြှင့်တင်ပေးခြင်းနှင့် ထိုက်တန်ပါသလား သို့မဟုတ် မထိုက်တန်ပါသလား ဖြစ်သည် – သေ၊၄း၁၄။

# LESSONS FOR THE SISTERS
## Lesson 39

## ဓမ္မသစ်ကျမ်းရှိ ညီအစ်မများ၏ ပုံစံနမူနာနှင့် သာဓကများ (၁)
## ယေရှု၏ မိခင် မာရိ

ဖတ်ရန်ကျမ်း။ ။ လု၊၁း၂၆–၃၈။ ၄၆–၅၆။ ယော၊ ၁၉း၂၅–၂၇။ တ၊၁း၁၄။

**I. ခရစ်တော်၏မွေးဖွားခြင်းသည် မာရိ၏ အပ်နှံခြင်းအားဖြင့် ပြီးမြောက်ပြည့်စုံခဲ့သည် – လု၊၁း၂၆–၃၈။**

က။ လု၊၁း၂၆–၃၆အရ ခရစ်တော်၏ မွေးဖွားခြင်းသည် မာရိ၏ အပ်နှံခြင်းအားဖြင့် သယ်ဆောင်ခဲ့သည်။ မာရိလို အပျိုကညာတစ်ယောက်အဖို့ ပဋိသန္ဓေစွဲယူခြင်း တာဝန်ကို လက်ခံဖို့ရန် မလွယ်ကူပေ။

ခ။ ဤမှတ်တမ်းကို ဖတ်ရန် ကျွန်ုပ်တို့အတွက် လွယ်ကူပါသည်။ သို့သော် ကျွန်ုပ်တို့တွင် ညီအစ်ငယ်တစ်ဦးသည် ယနေ့ည ထိုသို့သော တာဝန်ကို လက်ခံရရှိမည်ဆိုပါစို့။ သူမလက်ခံနိုင်မည်လော။ မာရိက "ဂါဗြေလ၊ ငါသည် ယောကျ်ားနှင့် ထိမ်းမြား အပ်ထားကြောင်းကို မသိသလော။ ကျွန်ုပ် မည်သို့ ပဋိသန္ဓေစွဲယူနိုင်မည်နည်း"ဟု ဆိုခဲ့ပေမည်။

ဂ။ ကောင်းကင်တစ်မန်၏ စကားကို နားထောင်ပြီးနောက် မာရိက "အကျွန်ုပ်သည် သခင်ဘုရား၏ကျွန်မဖြစ်ပါ၏။ ကိုယ်တော်၏ စကားအတိုင်း အကျွန်ုပ်၌ဖြစ်ပါစေသောဟု" ဝန်ခံလေ၏ – လု၊၁း၃၈။

၁။ ၎င်းသည် ရိုးရှင်းပုံပေါ်နိုင်သော်လည်း အဖိုးအခမှာ အလွန်မြင့်မားပါသည်။ ခရစ်တော်ကို ဖွားမြင်ရန် မာရိသည် အလွန်မြင့်မားသော အဖိုးအခ – သူမ၏ဖြစ်ခြင်းတစ်ခုလုံးဖြစ်သော တန်ဖိုးကို ပေးခဲ့သည်။

၂။ ခရစ်တော်ကို ဖွားမြင်ရန် မလွယ်ကူပါ။ တန်ဖိုးလည်း မနည်းပါ။ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဖွားမြင်လိုလျှင် အဖိုးအခကို ကျွန်ုပ်တို့ ပေးရမည်။

ဂ။ ဓမ္မသစ်ကျမ်း၌ မှတ်တမ်းတင်ထားသော ညီအစ်မများ၏ အနေအထားကို ကျွန်ုပ်တို့မြင်ရန် လိုအပ်ပါသည်။ ညီအစ်မများ၏ ပထမဆုံးသော အနေအထားမှာ သခင်ဘုရားကို မွေးဖွားခြင်းနှင့် ဆက်နွယ်သည်။

၁။ သခင်ဘုရား၏ မွေးဖွားခြင်းကား အဘယ်နည်း။ သခင်ဘုရားကို လူသားမျိုးနွယ်ထဲသို့ ခေါ်ဆောင်လာခြင်းဖြစ်သည်။ ညီအစ်မများအားလုံးသည် အသင်းတော်၌ သူတို့၏အနေအထားမှာ ခရစ်တော်ကို လူများထံသို့ ခေါ်ဆောင်ပေးရန် ဖြစ်သည်ကို နားလည်ထားရမည်။

၂။ သင်လုပ်ဆောင်သောအရာရာတိုင်း၌ ခရစ်တော်ကို ဖွားမြင်ခြင်း ဖြစ်ရမည်။ ဝိညာဉ်တော်သည် သင့်အပေါ်သို့ သက်ရောက်တော်မူ၍၊ အမြင့်ဆုံးသောအရှင်၏တန်ခိုးတော်သည် သင့်အား လွှမ်းမိုးပါမည့်အကြောင်း ဆုတောင်းရမည်၊ သို့မှသာ သင်သည် ခရစ်တော်ကို ဖွားမြင်လာနိုင်မည်ဖြစ်သည် – ၁း၃၅။

၃။ သင်သည် အစေခံခြင်းအဖွဲ့တွင် အစေခံနေပါက၊ သင်သည် ခရစ်တော်ကို ဖွားမြင်ပေးရမည်။ သင်သည် သန့်ရှင်းသူတို့ထံ အလည်အပတ်သွားရောက်သည်ဖြစ်စေ၊ သို့မဟုတ် ညီအစ်မများနှင့် မိတ်သဟာယဖွဲ့သည်ဖြစ်စေ သူတို့ထံသို့ ခရစ်တော်ကို ခေါ်ဆောင်ပေးရမည်။ ၎င်းသည် သခင်ဘုရားအတွက် လုပ်ဆောင်ခြင်းအကြောင်းမျှသာ မဟုတ်ပေ။ ၎င်းသည် ခရစ်တော်ကို ခေါ်ဆောင်လာခြင်း အကြောင်းအရာ ဖြစ်သည်။

**II. မာရိ၏ ကဗျာသီချင်းဖွဲ့ချီးမွမ်းခြင်းက သူမသည် ကယ်တင်ရှင်၏လူ့ဇာတိခံခြင်းအတွက် ကြားခံလမ်းကြောင်း ဖြစ်ရန် အရည်အချင်းပြည့်မီသည့် ဘုရားဝတ်၌ မွေ့လျော်သော မိန်းမတစ်ဦးဖြစ်ကြောင်း၊ ယေရှုသည် ဘုရားသခင်၏ သန့်ရှင်းသော နှုတ်ကပတ်တော်ကိုချစ်၍၊ သိကျွမ်းမှုရှိသော မိသားစု၌ ကြီးပြင်းလာ လိမ့်မည် ဖြစ်ကြောင်း ညွှန်ပြသည် – အငယ်၊ ၄၆–၅၆။**

က။ လုကာ၊ ၁း၄၆–၅၆ ၌ လူသား– ကယ်တင်ရှင်၏ မိခင် ချီးမွမ်းခြင်း ရှိသည်။ မာရိသည် ဧလိဇဗက်ထံ လည်ပတ်သွားရောက်ခဲ့သည်။ ဧလိဇဗက်သည် မာရိကို မြင်သောအခါ သူမကို ကောင်းချီးပေးခဲ့သည်။ မာရိက သခင်ဘုရားအား ချီးမွမ်းခြင်းကို ပူဇော်ခြင်းအားဖြင့် ဤကောင်းချီးပေးခြင်းကို တုံ့ပြန်ခဲ့သည်။

ခ။ မာရိ၏ကဗျာသီချင်းဖွဲ့ချီးမွမ်းခြင်းသည် ဓမ္မဟောင်းကျမ်းမှ များစွာသော ကိုးကားချက်တို့ ပေါင်းစပ်ပါဝင်သည်။ ၎င်းမှာ သူမ သည် ကယ်တင်ရှင်၏လူ့ဇာတိခံခြင်းအတွက် ကြားခံလမ်းကြောင်းဖြစ်ရန် အရည်အချင်းပြည့်မီသည့် ဘုရားဝတ်၌ မွေ့လျော်သော မိန်းမ တစ်ဦးဖြစ်ကြောင်း၊ ယေရှုသည် ဘုရားသခင်၏ သန့်ရှင်းသော နှုတ် ကပတ်တော်ကိုချစ်၍၊ သိကျွမ်းမှုရှိသော မိသားစု၌ ကြီးပြင်းလာ လိမ့်မည်ဖြစ်ကြောင်း ညွှန်ပြသည်။

၁။ မာရိသည် ငယ်ရွယ်သူဖြစ်သော်လည်း၊ သူမသည် ဓမ္မဟောင်းနှင့် ပတ်သက်သော အလွန်အသိပညာရှိပြီး၊ ဘုရားသခင်

အား သူမ ချီးမွမ်းရာတွင်လည်း ၎င်းမှကျမ်းပိုဒ်များကို ကိုးကားနိုင်ခဲ့သည်။ အမှန်စင်စစ် သူမ၏ ချီးမွမ်းခြင်းသည် သမ္မာကျမ်းစာမှ များစွာသော ကိုးကားချက်တို့ ပေါင်းစပ်ပါဝင်သည်။

၂။ သူမသည် မွေးဖွားလာမည့် ကယ်တင်ရှင်အား ပဋိသန္ဓေယူရာတွင် ဘုရားသခင်အသုံးပြုတော်မူရန် မှန်ကန်သောပုဂ္ဂိုလ်ဖြစ်သည်။

ဂ။ လူသား– ကယ်တင်ရှင်၏ ပဋိသန္ဓေတည်ခြင်းနှင့်စပ်လျဉ်းသော နှုတ်ကပတ်တော်ကို လက်ခံယူရန် မာရိထံသို့ ကောင်းကင်တမန် လာရောက်ခြင်းမရှိမီ၊ သူမသည် ဘုရားသခင်၏ နှုတ်ကပတ်တော် အသိပညာနှင့် ပြည့်စုံနေပြီ ဖြစ်သည်။

၁။ သမ္မာကျမ်းစာရှိ ကျမ်းပိုဒ်များစွာကို သူမ၏ဖြစ်ခြင်းအထဲသို့ စုပ်ယူထားသည်။

၂။ ထို့ကြောင့် သူမသည် ဘုရားသခင်အား ချီးမွမ်းခြင်းပြုခြင်း၌ သူမအတွင်းရှိသောအရာများကို သင့်လျော်သောအချိန်၌ သွန်းလောင်းနိုင်သည်။

ဃ။ မာရိ၏ ချီးမွမ်းခြင်းက ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် အသုံးပြုခြင်းခံရရန်အတွက် အရည်အချင်းအချို့ရှိရန် လိုအပ်ကြောင်း ဖော်ပြသည်။ အရည်အချင်းတစ်ခုမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင့်လျော်မှန်ကန်သော အသိပညာရှိခြင်းဖြစ်သည်။

၁။ အထူးသဖြင့် လူငယ်များသည် ဤအကြောင်းအရာ၌ မာရိထံမှ သင်ယူသင့်သည်။

၂။ သခင်ယေရှုကို “ပဋိသန္ဓေ”ယူပြီး၊ ကိုယ်တော်အား ဖွားမြင်ရန် ဝိညာဉ်ဆိုင်ရာ အာရုံခံစားမှု၌ပင် သခင်ဘုရား၏ တစ်စုံတစ်ရာကို မွေးဖွားရန် သခင်ဘုရားအားဖြင့် အသုံးပြုခြင်းခံရန် ရည်ရွယ်ပါသလော။

၃။ ထိုသို့ဆိုလျှင် သင်သည် သမ္မာကျမ်းစာနှင့်ပြည့်ဝရန်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ပြည့်ဝခြင်းရှိရန် လိုအပ်သည်။

င။ မာရိ၏ဝိညာဉ်သည် ဘုရားသခင်၌ ရွှင်လန်းခဲ့ သည်။ ထိုနောက် သူမ၏စိတ်သည် သခင်ဘုရားကို ကြီးမားထင်ရှား စေခဲ့သည်။ သူမသည် စိတ်ကို ညွှန်ကြားပေးနေသော ဝိညာဉ်၌ အသက် ရှင်ပြုမူခဲ့သည်။

၁။ လုကာ၊ ၁း၄၆ နှင့် ၄၇ ၌ မာရိက “မာရိကလည်း၊ ငါ့စိတ်သည် သခင်ဘုရားကို ကြီးမားထင်ရှား၏။ ငါ၏ကယ်တင်ရှင်ဘုရားသခင်၌ ငါ့ဝိညာဉ်သည် ရွှင်လန်းခြင်းရှိခဲ့၏”ဟု ဆိုခဲ့သည်။ ပထမဦးစွာ၊ မာရိ၏ဝိညာဉ်သည် ဘုရားသခင်၌ ရွှင်လန်းခဲ့သည်။ ထိုနောက် သူမ၏စိတ်သည် သခင်ဘုရားကို ကြီးမားထင်ရှား စေခဲ့သည်။

၂။ ဘုရားသခင်ကို သူမ၏ချီးမွမ်းခြင်းသည် သူမ၏ဝိညာဉ်မှ ထွက်ပေါ်လာ၍၊ ၎င်းကို သူမ၏စိတ်ဖြင့် ထင်ရှားခဲ့သည်။ သူမ၏ ဝိညာဉ်သည် သူမ၏ကယ်တင်ရှင်ဖြစ်သော ဘုရားသခင်၌ ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝခဲ့သည်။ ထိုသို့ဖြင့် သူမ၏စိတ်သည် သခင်ဘုရားကို ကြီးမားထင်ရှားစေရန်အတွက် ထိုဝမ်းမြောက်ခြင်းကို ထင်ရှားပြသခဲ့သည်။

၃။ သူမသည် စိတ်ကိုညွှန်ကြားပေးနေသော ဝိညာဉ်၌ အသက်ရှင်ပြုမူခဲ့သည်။ ဘုရားသခင်၌ သူမ၏ဝိညာဉ်ရွှင်လန်းဝမ်းမြောက်နေခြင်းမှာ သူမသည် ဘုရားသခင်ကို ကယ်တင်ရှင်အဖြစ် မွေ့လျော် ဝမ်းမြောက်ရသောကြောင့်ဖြစ်၍၊ သူမ၏စိတ်သည် သခင်ဘုရားကို ကြီးမားထင်ရှားနိုင်ခြင်းမှာ ကြီးမြတ်တော်မူသော၊ ယေဟောဝါဖြစ် တော်မူသော သခင်ဘုရားကို သူမ ချီးမြှောက်ခြင်းကြောင့် ဖြစ်သည်။

၄။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်နှင့် သခင်ဘုရားအဖြစ် ဘုရားသခင်ကို သိကျွမ်းခြင်း၌ မာရိတွေ့ကြုံခံစားခဲ့ရသော အရာများကို တွေ့ကြုံခံစားရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ ကယ်တင်ရှင်အဖြစ် မွေ့လျော်ဝမ်းမြောက်သောအခါ၊ ကိုယ်တော်၌ ရွှင်လန်းသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကျွန်ုပ်တို့၏ သခင်ဘုရားအဖြစ် ကြီးမားထင်ရှားခြင်းရှိစေမည် ဖြစ်သည်။

စ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ သခင်ဘုရားအဖြစ် ကြီးမားထင်ရှားခြင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို အစေခံခြင်းဖြစ်သည်။ သခင်ဘုရားကို ကြီးမားထင်ရှားခြင်းရှိရန်မှာ ကိုယ်တော့်ကို သခင်ဘုရားအဖြစ် အစေခံခြင်းဖြစ်သည်။

၁။ သခင်ဘုရားကို အစေခံခြင်းရန်မှာ ကိုယ်တော့်အတွက် အရာများစွာကို လုပ်ဆောင်ရုံမျှသာမဟုတ်ဟူသောအချက်ကို ကျွန်ုပ်တို့ထဲ၌ စွဲမှတ်နေရန်လိုအပ်သည်။

၂။ ဆန့်ကျင်ဘက်အနေဖြင့် သခင်ဘုရားကို အစေခံရန် အရေးကြီးဆုံးအချက်မှာ ကိုယ်တော့်ကို ကြီးမားထင်ရှားခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် လုပ်ဆောင်ရုံသာမကဘဲ၊ ကိုယ်တော့်ကို ကြီးမားထင်ရှားသော အသက်တာကို အသက်ရှင်နေသူများဖြစ်ရန် လိုအပ်သည် –ညွှန်း၊ ဖိ၊ ၁း ၂၀။

၃။ သခင်ဘုရားကို ကြီးမားထင်ရှားခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်၏အကြောင်းအရာမဟုတ်ဘဲ၊ ကျွန်ုပ်တို့စိတ်၏အကြောင်းအရာဖြစ်သည်။ ဆိုလိုသည်မှာ သခင်ဘုရားကို ကြီးမားထင်ရှားခြင်းတွင် ကျွန်ုပ်တို့၏ စိတ်၊ ခံစားမှုနှင့် မလိုဆန္ဒတို့ ပါဝင်သည်။ ၎င်း၌ ကျွန်ုပ်တို့၏ စဉ်းစားခြင်းများ၊ ကျွန်ုပ်တို့ ကြိုက်နှစ်သက်မှုနှင့် မနှစ်သက်မှု၊ ကျွန်ုပ်တို့၏

ဆုံးဖြတ်ချက်များတို့ ပါဝင်သည်။ ဤအရာတို့၌ သခင်ဘုရားကို ကြီးမားထင်ရှားစေရမည်။

ဆ။ မာရိက သူမ၏ဝိညာဉ်သည် သူမ၏ကယ်တင်ရှင် ဘုရားသခင်၌ ဝိညာဉ်ရွှင်လန်းခြင်းရှိသော၊ သူမ၏စိတ်သည် သခင်ဘုရားကို ကြီးမားထင်ရှားစေခဲ့သော ပုဂ္ဂိုလ်ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့် သခင်ဘုရား၌ရွှင်လန်း ခြင်းရှိရန်၊ ကျွန်ုပ်တို့၏ စိတ်နှင့် ကိုယ်တော့်ကို ကြီးမားထင်ရှားခြင်းရှိရန် သူမကို သင်ယူခြင်းရှိရန် အမှန်လိုအပ်သည်။

**III. ယေရှု လက်ဝါးကပ်တိုင်ပေါ် အသေသတ်ခြင်းခံရစဉ်အခါ ကိုယ်တော်၏အမိနှင့် "ချစ်တော်မူသောတပည့်တော်"သည် အနားမှာရပ်နေသည်ကို ယေရှုသည်မြင်တော်မူလျှင်၊ အမိအား၊ "အချင်းမိန်းမ၊ သင်၏သားကို ကြည့်ပါဟူ၍လည်းကောင်း၊ တပည့်တော်အားလည်း၊ သင်၏အမိကိုကြည့်ပါဟူ၍လည်းကောင်း မိန့်တော်မူ၏။ ထိုအခါမှစ၍ ထိုတပည့်တော်သည် သူမကို မိမိအိမ်၌ ခေါ်ထား၏" – ယော၊၁၉း၂၆–၂၇။**

က။ ယောဟန်၏ မှတ်တမ်းအရ၊ ယေရှုသည် ကိုယ်တော်၏ တပည့်တော်များအထဲသို့ အသက်ကို ကူးပြောင်းပေးရန်၊ ကိုယ်တော်၏ အသက်ကို ထည့်သွင်းပေးရန် လက်ဝါးကပ်တိုင်ပေါ် အသေသတ်ခံခဲ့ခြင်းဖြစ်သည်။

ခ။ ဤအသက်ကူးပြောင်းပေးခြင်းအားဖြင့် ကိုယ်တော်၏ တပည့်တော်များထဲတစ်ဦးသည် ကိုယ်တော့်မိခင်၏ သားဖြစ်နိုင်ပြီး၊ ကိုယ်တော်၏ မိခင်သည်လည်း ဤတပည့်တော်၏ မိခင်ဖြစ်နိုင်သည်။

**V. တမန်တော်၊ ၁း၁၄ တွင် "ထိုသူအပေါင်းတို့သည် ယေရှု၏အမိမာရိမှစ၍ မိန်းမတို့နှင့်လည်းကောင်း၊ ညီတော်တို့နှင့် လည်းကောင်း၊ အတူတကွ သဘောတညီတညွတ်တည်းဖြင့် အစဉ်ကြိုးစား၍ ဆုတောင်းလျက်နေ၏"ဟု ဆိုထားသည်။**

က။ တမန်တော်၊ ၁း၁၄၌ တပည့်တော်များသည်လည်းကောင်း၊ မာရိမှစ၍ မိန်းမတို့သည်လည်းကောင်း၊ သခင်ဘုရား၏ ညီတော်တို့သည်လည်းကောင်း အတူတကွ သဘောတညီတညွတ်တည်းဖြင့် အစဉ်ကြိုးစား၍ ဆုတောင်းလျက်နေကြောင်း ကျွန်ုပ်တို့အား ဆိုထားသည်။

ခ။ မာရိအား ဓမ္မသစ်ကျမ်း၌ နောက်ဆုံးသောအကြိမ်အဖြစ် ဤနေရာတွင် ဖော်ပြခဲ့သည်။

# LESSONS FOR THE SISTERS

## Lesson 40

## ဓမ္မသစ်ကျမ်းရှိ ညီအစ်မများ၏ ပုံစံနမူနာများနှင့် ပုံဥပမာများ (၂)

## မာရိနှင့် လာဇရုတို့၏ အစ်မ မာသ

ဖတ်ရန်ကျမ်း။ ။ ယော၊ ၁၁း၁–၄၀။ လု၊ ၁၀း၃၈–၄၂။ ယော၊ ၁၂း၁–၂

**I. ယောဟန် ၁၁း၁၇–၂၈၌ မာသ၏ထင်မြင်ယူဆချက်ကို ကျွန်ုပ်တို့မြင်ရသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်များအား ရပ်တန့်ခြင်း၏ သင်ခန်းစာကို သင်ယူရမည် ဖြစ်သည်။**

က။ ယောဟန် ၁၁ ၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လာဇရုမှတဆင့် သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော် ထင်ရှားရန် ဖြစ်သည်။ သို့သော်လည်း၊ ဤအသက်တန်ခိုးတော်၏ ထင်ရှားခြင်းသည် လူသားထင်မြင်ယူဆချက် အားဖြင့် နှောက်ယှက်ခံခဲ့ရသည်။

၁။ လာဇရု ဖျားနာခဲ့ပြီး၊ ဘုရားသခင်သည် သူ၏ အချုပ်အခြာအာဏာ၌ လာဇရုအား သေသည်အထိ ဖျားနာစေရန် ရည်ရွယ်ခဲ့သည်။ သို့သော်လည်း၊ မာသနှင့် မာရိသည် သခင်ဘုရားကြွလာ၍ သူ့ကိုအနာငြိမ်းပေးရန် လူကိုစေလွှတ်ခဲ့သည်။

၂။ ပထမဦးစွာ၊ ညီအစ်မနှစ်ဦးသည် သခင်ဘုရားအား အသိပေးသည့်နည်းလမ်းဖြင့် သူတို့၏ထင်မြင်ယူဆချက်ကို ထင်ရှားခဲ့သည်။ သူတို့က "ကိုယ်တော် ချစ်တော်မူသောသူသည် ဖျားနာလျက်နေပါသည်ဟု" လျှောက်ဆိုရန် ယေရှုထံတော်သို့ လူကို စေလွှတ်ခဲ့သည်– အငယ်၊ ၃။

၃။ ထိုကဲ့သို့သော စကားမှာ ထင်မြင်ယူဆချက်ဖြင့် ပြည့်ဝနေသည်။ သို့သော်လည်း၊ သခင်ဘုရားသည် ဤလူသားထင်မြင်ယူဆချက်များကို ကိုင်တွယ်ဖြေရှင်းရန် ခိုင်ခိုင်မာမာဆုံးဖြတ်ထားခဲ့သည်။

၄။ ထို့ကြောင့်၊ ကိုယ်တော်သည် ထိုကဲ့သို့သောစကားကို ကြားပြီးနောက်၊ ကြွတော်မမူဘဲ ထိုအရပ်၌ နှစ်ရက်နေတော်မူ၏ (အငယ်၊၆)။ ကိုယ်တော်သည် ထိုအရပ်၌ လာဇရုသေသည် တိုင်အောင် နေတော်မူ၏– အငယ်၊ ၁၄။

ခ။ သခင်ယေရှုသည် လာဇရုရှိရာအရပ်သို့ ရောက်လာခဲ့စဉ်၊ မာသသည် ကိုယ်တော်ကို ခရီးဦးကြိုပြုခြင်းငှာ သွားခဲ့ပြီး " ကိုယ်တော်ရှိတော်မူလျှင် ကျွန်မ၏ မောင်မသေပါ" ဟု ပြောဆိုခြင်းအားဖြင့်၊ သူမ၏ ထင်မြင်ယူဆချက်ကို ချက်ချင်းထင်ရှားခဲ့သည်– အငယ်၊ ၂၁။

၁။ မာသက သခင်ဘုရားအား "ကိုယ်တော်သည် အဘယ်ကြောင့် စောစောကြွမလာပါသနည်း။ ကိုယ်တော်သာ လွန်ခဲ့သောလေးရက်က ကြွလာခဲ့ပါလျှင်၊ လာဇရုသည် အသက်ရှင်နေပါလိမ့်မည်။ သို့သော်လည်း သူသည် သေ၍ မြှုပ်နှံခံခဲ့ပြီးဖြစ်သည်။ ကိုယ်တော်၏ကြွလာခြင်းသည် အဘယ်အသုံးဝင်ပါသေးသနည်း" ဟူ၍ ပြောဆိုနေပုံရပါသည်။

၂။ သခင်ဘုရားက မာသအား "သင်၏ မောင်သည် ထမြောက်လိမ့်မည်" ဟု မိန့်တော်မူခဲ့သည် (အငယ်၊ ၂၃)။ မာသက " သူသည် နောက်ဆုံးသောနေ့၌ တစ်ဖန်ထမြောက်လိမ့်မည်ကို ကျွန်မသိပါသည်" ဟု ပြန်လျှောက်ခဲ့သည် –အငယ်၊ ၂၄။

၃။ သခင်ဘုရားက လာဇရုသည် ထမြောက်လိမ့်မည်ဟု မိန့်တော်မူသောအခါ၊ ကိုယ်တော်က လာဇရုသည် ထိုနေ့တွင်ပင် ထမြောက်စေလိမ့်မည် ဖြစ်ကြောင်းကို ဆိုလိုသော်လည်း၊ မာသသည် သခင်ဘုရား၏ စကားတော်ကို သူမ၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၌ ဤရှင်ပြန်ထမြောက်ခြင်းကို နောက်ဆုံးနေ့တိုင်အောင် ရွှေ့ဆိုင်းခဲ့သည်။

၄။ မာသနည်းတူပင်၊ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည်လည်း သခင်ဘုရား၏ စကားတော်ကို ဝေးကွာအောင် ရှင်းပြကြသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ရှိ တစ်စုံတစ်ရာကို ဖတ်ရှုကြကာ၊ ထို့နောက်တွင် ဤအရာသည် ယနေ့ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းအတွက်မဟုတ်ပါ၊ အနာဂတ်၌ တစ်ခါတစ်ရံအတွက်သာဖြစ်သည်ဟု ပြောကြသည်။

ဂ။ ထို့နောက် သခင်ယေရှုက သူမအား "ငါသည် ထမြောက်ခြင်းနှင့် အသက်ဖြစ်၏။ ငါ့အထဲသို့ ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့အထဲသို့ ယုံကြည်သောအသက်ရှင်သောသူ ရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်" ဟု မိန့်တော်မူခဲ့သည်– အငယ်၊ ၂၅–၂၆။

၁။ သခင်ဘုရားက သူမအား "၎င်းသည် အချိန်၏ အကြောင်းအရာမဟုတ်ပါ။ ငါ့အတွက် အချိန်သည် ပြဿနာမရှိပါ။ မည်သည့်အရာမျှ နောက်မကျလွန်းဘဲ၊ မည်သည့်အရာမျှလည်း မစောလွန်းပါ။ ငါသည် ဤနေရာ၌ ရှိနေသရွေ့ အရာခပ်သိမ်းအဆင်ပြေသွားလိမ့်မည်၊ သင်၏ မောင်ကို ငါထမြောက်စေလိမ့်မည်" ဟုပြောနေခဲ့ဟန် ပေါ်ပါသည်။

၂။ ထို့နောက် သခင်ဘုရားသည် မာသအား "ငါ့စကားကို ယုံသလော" ဟု မေးတော်မူလျှင်၊ မာသက "ဟုတ်ပါ၏ သခင်။

ကိုယ်တော်သည် ထိုခရစ်တော်တည်းဟူသော ဤလောကသို့ ကြွလာတော်မူသော ဘုရားသခင်၏ သားတော် ဖြစ်တော်မူသည်ကို ကျွန်မယုံပါသည်'' ဟု လျှောက်လေ၏– အပိုဒ်ငယ်၊ ၂၇။

၃။ သူမပြန်ဖြေသောအရာမှာ သခင်ဘုရားမေးခဲ့သောအရာလုံးလုံးမဟုတ်ခဲ့ပေ။ သူမသည် သခင်ဘုရားပြောနေသော အကြောင်း အရာကို မရှင်းလင်းခဲ့ပေ။ သူမ၏ ဟောင်းနွမ်းသော၊ အလျင်ဝင်ရောက်သိမ်းပိုက်ခြင်းခံခဲ့ရသည့် အသိပညာ က သူမကို ဖုံးအုပ်ထားပြီး၊ သခင်ဘုရား၏ အသစ်သော စကားတော်ကို နားလည်ခြင်းမှ တားဆီးခံထားရသည်။

၄။ ယနေ့၊ ခရစ်ယာန်များစွာ၌ သွန်သင်ခြင်းများစွာရှိသောကြောင့် သူတို့တွင်ထင်မြင်ယူဆချက်များစွာရှိကြသည်။ တစ်စုံတစ်ဦးသည် သူတို့နှင့်အတူ အတွင်းပိုင်းအသက်အကြောင်းအရာကို ပြောသောအခါ၊ သူတို့က ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ချက်ခြင်းဝေမျှတတ်ကြသည်။ အသိပညာများပြားလွန်းခြင်းနှင့် အယူဝါဒအများအပြားသည် မဆုံးနိုင်သော ထင်မြင်ယူဆချက်များကို ထွက်ပေါ်စေသည်။

ဃ။ သခင်ဘုရားသည် သင်္ချိုင်းတွင်းသို့ ရောက်လာသောအခါ၊ ကိုယ်တော်သည် သူတို့အား ကျောက်ကိုရွှေ့ရန် မိန့်တော်မူခဲ့သည်။ တစ်ဖန် မာသသည် သူမ၏ ထင်မြင်ယူဆချက်ဖြင့် သခင်ဘုရားကို နှောင့်ယှက်ခဲ့ပြန်သည်။

၁။ သူမက ''သခင်၊ ယခုဖြစ်လျှင် နံလိမ့်မည်။ လေးရက်ရှိပါပြီ'' ဟု ပြောဆိုခဲ့သည် (အငယ်၊ ၃၉)။ သူမက ကျောက်ကိုရွှေ့ခြင်းသည် အသုံးဝင်တော့မည်မဟုတ်ဟု ထင်မြင်ခဲ့သည်။

၂။ သခင်ဘုရားသည် အသင်းတော်ရှိလူတို့အဖို့ အသက်ဖြစ်တော်မူသော်လည်း၊ ကိုယ်တော်သည် အသင်းတော်ရှိ လူများထံမှ အလွန်များပြားသော လူသားထင်မြင်ယူဆချက်များကို ရင်ဆိုင်ကြုံတွေ့ရသည်။

င။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်များ အတိုင်းနေကြသောအခါ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရှင်ပြန်ထမြောက်ခြင်း အသက်တည်းဟူသော သခင်ဘုရား၏ မွေ့လျော်ဝမ်းမြောက်မှုမှ ဝေးကွာခဲ့ကြသည်။ ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်များ ပျက်သွားသောအခါ ကျွန်ုပ်တို့အဖို့ သခင်ဘုရားကိုယ်တော်တိုင်၏ ပြည့်ဝသောမွေ့လျော်ဝမ်းမြောက်မှုအထဲသို့ ဝင်ရောက်သွားရန် လွယ်ကူပါသည်။

စ။ ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်များကြောင့် သခင်ဘုရား၏ တန်ခိုးတော်သည် ထင်ရှားခြင်းမရှိနိုင်ပါ၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို မသိနိုင်ကြပါ။

၁။ မကြာခဏဆိုသလိုပင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အမြင်နှင့် ထင်မြင်ယူဆချက်များဖြင့်သာ အကြောင်းအရာများကို စီရင်ဆုံးဖြတ်လေ့ရှိသည်။

၂။ သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်းအသက်နှင့် ဘုန်းတော်သည် ကျွန်ုပ်တို့မှတဆင့် အဘယ်ကြောင့် မကြာခဏ မထင်ရှားနိုင်ရခြင်းမှာ ကျွန်ုပ်တို့၌ ထင်မြင်ယူဆချက်များစွာ ရှိနေသောကြောင့်တည်း။

၃။ ခရစ်တော်ကိုသိကျွမ်းရန်နှင့် ခရစ်တော်နောက်သို့ လိုက်ရန် အလို့ငှာ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အမြင်နှင့် ထင်မြင်ယူဆချက်များကို ဘေးဖယ်ထားရမည် ဖြစ်သည်။

ဆ။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ သခင်ဘုရားထံချဉ်းကပ်ကြသောအခါ၊ ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်များအား ရပ်တန့်လိုက်ခြင်း၏ သင်ခန်းစာကို သင်ယူရမည်ဖြစ်သည်။ စပျစ်ရည် ကုန်သွားသည်ဖြစ်စေ၊ လူတစ်ဦးသေသွားသည်မှာ လေးရက်ကြာမျှ ရှိသည်ဖြစ်စေ၊ ကျွန်ုပ်တို့သည် သခင်ဘုရားအား အကြံပြုရန်မလိုအပ်ပေ။ ကျွန်ုပ်တို့သည် ထိုအရာတို့ကို သခင်ဘုရားထံ ရိုးရိုးလေးပေးအပ်၍ ကိုယ်တော်ပြောသောအရာကိုသာ ကြားနာသင့်ပါသည်။

## II. ကျွန်ုပ်တို့သည် သခင်ဘုရားအား ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်၊ အယူအဆ၊ သို့မဟုတ် နားလည်ခြင်းများအတိုင်း အစေမခံသင့်ပါ။ ထိုအစား၊ ကျွန်ုပ်တို့သည် ကိုယ်တော်အား သူ၏အလိုဆန္ဒနှင့် နှစ်သက်မှုအတိုင်းသာ စေခံသင့်ပါသည်– လု၊ ၁၀း၃၈–၄၂။

က။ မာရိသည် သခင်ဘုရား၏ စကားတော်ကို နားထောင်သော်လည်း၊ ''မာသမူကား လုပ်ကျွေးခြင်းအမှုဖြင့် အာရုံထွေပြားလျက်ရှိနေခဲ့သည်'' (အငယ်၊ ၄၀)။ ''အာရုံထွေပြားသည်'' ဟုပြန်ဆိုထားသော ဂရိစကားလုံးသည် ဘေးပတ်လည်ရှိ ခြားနားသော ဦးတည်ရာများ၏ ဆွဲဆောင်မှုခံရသည်ဟု အဓိပ္ပာယ်ရသည်။

ခ။ သခင်ဘုရားအပေါ် တွင် ရပ်တည်လျက်၊ မာသ က''သခင်၊ ကျွန်မ၏ ညီမသည် ကျွန်မတစ်ယောက်တည်း လုပ်ကျွေးစေခြင်းငှာ၊ ကျွန်မကို ပစ်ထားသည်အရာကို လျစ်လျူသောစိတ် ရှိတော်မူသလော'' ဟု ပြောဆိုခဲ့သည်– အငယ်၊ ၄၀။

ဂ။ သခင်ဘုရားက ''မာသ၊ မာသ သင်သည် များစွာသောအမှုတို့၌ စိုးရိမ်၍ နှောင့်ယှက်ခြင်းကို ခံရ၏၊ လိုသောအရာတစ်ခုရှိ၏။ မာရိမူကား၊ ကောင်းသောအဖို့ကို ရွေးယူပြီ။ ထိုအဖို့ကို အဘယ်သူမျှ သူမအထဲမှ မနုတ်မယူရာဟု '' မိန့်တော်မူခဲ့သည်။

ဃ။ ဤနေရာ၌ သခင်ဘုရားသည် သူ့ကိုချစ်သောသူ၊ သူ၏ ကယ်တင်ခံရသော သူတို့သည် ကိုယ်တော်၏ အလိုတော်ကို သိခြင်းမရှိ

ဘဲ၊ ကိုယ်တော်အတွက် များစွာသောအရာတို့ကို လုပ်ဆောင်ခြင်းထက်၊ ကိုယ်တော်၏အလိုဆန္ဒကို သိနိုင်ရန် (ညွှန်း၊ ထွ၊ ၂၁း၅–၆။ ဟေရှာ၊ ၅၀း၄–၅။ ယော၊ ၅း၃၀) ကိုယ်တော်၏ စကားကို နားထောင်ဖို့ ပိုမိုလိုလားနှစ်သက်ခဲ့သည် (အငယ်၊ ၃၉)။

## III. "မာသသည် လုပ်ကျွေးမှုကို ဆောင်၍" (ယော၊ ၁၂း၂ခ)၊ ကျွန်ုပ်တို့သည် မာသ၏အစေခံခြင်းကို အသိအမှတ်ပြုရမည် ဖြစ်သည်။

က။ အသင်းတော်အသက်တာ၌ မတူညီသော လှုပ်ရှားလုပ်ဆောင်မှုများရှိသည်။ အသင်းတော်၏အစေခံခြင်း၌ အိမ်တစ်အိမ်တွင် ရှိသော–မာသ၊ လာဇရုနှင့် မာရိ ဟူသော လူပုဂ္ဂိုလ်သုံးဦးအားဖြင့် ကိုယ်စားပြုထားသော လှုပ်ရှားလုပ်ဆောင်မှုအမျိုးအစား သုံးမျိုးရှိသည်။

ခ။ ပထမမှာ မာသအားဖြင့် ကိုယ်စားပြုထားသော လှုပ်ရှားလုပ်ဆောင်သောအစေခံခြင်း ဖြစ်သည်။

၁။ ခေတ်ကာလများတစ်လျှောက် မာသသည် မမျှတစွာ ပြုမူခြင်းခံခဲ့ရသည်၊ ခရစ်ယာန်များသည် မာသအပေါ် တွင် အထင်အမြင်သေးခဲ့ကြသည်၊ မာသကို မရှုတ်ချကြပါနှင့်။

၂။ ဤအခန်းကြီးက မာသ အမှုဆောင်သည် ဟုပြောထားသောကြောင့်၊ မာသ မကောင်းပါဟု ကျွန်ုပ်တို့မထင်မြင်သင့်ပေ။ ဤအရာသည် အလွန်ကောင်းမွန်ပါသည်။ အကြောင်းမှာ အသင်းတော်အစေခံခြင်း၌ အသင်းတော်၏ လုပ်ငန်းဆောင်တာများကို ဂရုစိုက်ကြရမည် ဖြစ်သောကြောင့်တည်း။

၃။ မာသ မပါဘဲ အစားအသောက်ကို ကျွန်ုပ်တို့မည်သို့ ဂရုစိုက်နိုင်ပါမည်နည်း။ အစားအသောက်ကို ပြင်ဆင်ရန် သူမကို ကျွန်ုပ်တို့ လိုအပ်ကြသည်။ မာသ၏ အစေခံခြင်းကို ကျွန်ုပ်တို့ အသိအမှတ်ပြုသင့်ပါသည်။

၄။ ကျွန်ုပ်တို့သည် သူမနှင့်ပတ်သက်သော ကျွန်ုပ်တို့၏သဘောထားကို ပြောင်းလဲရမည်ဖြစ်ပြီး၊ သူမကို အထင်မသေးရပေ။ ကျွန်ုပ်တို့သည် ညီအစ်မများအား မာသများ ဖြစ်ရန် ခွန်အားပေးရမည် ဖြစ်သည်။

ဂ။ ကျွန်ုပ်တို့၌ အစေခံခြင်း၊ သက်သေခံခြင်းနှင့် ချစ်ခြင်း ဟူသော လှုပ်ရှားလုပ်ဆောင်ခြင်း အမျိုးအစားသုံးမျိုးရှိသည်။ ကျွန်ုပ်တို့၌ သခင်ဘုရားအပေါ် သို့ သွန်းလောင်းသော အစေခံခြင်း၊ သက်သေခံချက်နှင့် ချစ်ခြင်းမေတ္တာ ရှိသည်။ ဤအချက်သုံးချက်ကို အသင်းတော်အသက်တာ၌ တွေ့ရှိရမည်ဖြစ်သည်။

# LESSONS FOR THE SISTERS

## Lesson 41

## **မွေ့သစ်ကျမ်းရှိ ညီအစ်မများ၏ ပုံစံနမူနာများနှင့် ပုံဥပမာများ (၃)**

## **မာသနှင့် လာဇရုတို့၏ အစ်မ မာရိ**

ဖတ်ရန်ကျမ်း။ ။ လု။၁၀း၃၈–၄၂။ မ၊၂၆း၆–၁၃။ ယော၊၁၂း၁–၈။ ၂ကော၊၅း၁၄–၁၅။ ၁ပေ၊၁း၈

**I. လုကာ ၁၀း၃၈ နှင့် ၃၉ တွင် မာသနှင့် မာရိကို ဖော်ပြထားသည်။ မာသနှင့် မာရိဟူသော အမည်များ၏ အဓိပ္ပာယ်မှာ ပုန်ကန်ခြင်း စိတ်သဘာကို ဆောင်၍၊ ဤသည်မှာ သူတို့၏ ဇာတိအသက်တာကို ညွှန်ပြခြင်းဖြစ်ကောင်းဖြစ်မည်။**

က။ မာသဟူသော အမည်နာမသည် ခါလဒဲဘာသာစကားမှ ဆင်းသက်လာခြင်း ဖြစ်နိုင်ချေရှိ၍၊ "သူမသည် ပုန်ကန်သောသူဖြစ်သည်"ဟု အဓိပ္ပာယ်ရသည်။ မာရိဟူသော ဂရိစကားလုံးသည် မာရိရာဖြစ်၍၊ ဟေဗြဲ၌ မိရိအံဖြစ်ကာ၊ "သူတို့၏ ပုန်ကန်ခြင်း" ဟု အဓိပ္ပါယ်ရသည် – စာရင်း၊၁၂း၁၊ ၁၀–၁၅။ ဤဖြစ်ရပ်၌ ပုံဖော်ထားသကဲ့သို့ သခင်ဘုရား၏ ကယ်တင်ခြင်းသည် ပုန်ကန်ခြင်းမှ ဝန်ခံခြင်းအဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲပေးနိုင်သည်။ ဓမ္မဟောင်း၌ ပုန်ကန်သော မိရိအံကဲ့သို့သောသူသည် ဓမ္မသစ်၌ ဝန်ခံမှုရှိသော မာရိကဲ့သို့သောသူဖြစ်လာသည်။

**II. မာရိသည် သခင်ဘုရား၏စကားတော်ကို နားထောင်လျက်နေသော်လည်း၊ "မာသမူကား လုပ်ကျွေးခြင်းအမှုဖြင့် အာရုံထွေပြားလျက်ရှိ၏" (အငယ်၊၄၀)။ "အာရုံထွေပြားလျက်ရှိ၏"ဟု ဘာသာပြန်ဆိုထားသော ဂရိစကားလုံးသည် ဘေးပတ်လည်ရှိ ခြားနားသော ဦးတည်ရာများ၏ ဆွဲဆောင်မှုခံရသည်ဟု အဓိပ္ပာယ်ရသည်။**

က။ သခင်ဘုရားအထံတော်သို့ ချဉ်းကပ်၍ မာသက "သခင်၊ ကျွန်မ၏ ညီမသည် ကျွန်မတစ်ယောက်တည်း လုပ်ကျွေးစေခြင်းငှာ ကျွန်မကို ပစ်ထားသည်အရာကို လျစ်လျူသောစိတ် ရှိတော်မူသလော"ဟူ၍ ပြောဆိုခဲ့သည် – အငယ်၊၄၀။

ခ။ သခင်ဘုရားက "မာသ၊ မာသ၊ သင်သည် များစွာသောအမှုတို့၌ စိုးရိမ်၍ နှောင့်ယှက်ခြင်းကို ခံရ၏ ။ လိုသောအရာတစ်ခုရှိ၏ ။ မာရိမူကား၊ ကောင်းသောအဖို့ကို ရွေးယူပြီ။ ထိုအဖို့ကို အဘယ်သူမျှ သူမထဲမှ မနုတ်မယူရာဟု မိန့်တော်မူ၏ "။

ဂ။ ဤနေရာ၌ သခင်ဘုရားသည် သူ့ကို ချစ်သော၊ သူ၏ ကယ်တင်ခံရသော သူတို့သည် ကိုယ်တော်၏ အလိုတော်ကို သိခြင်းမရှိဘဲ၊ ကိုယ်တော်အတွက် များစွာသောအရာတို့ကို လုပ်ဆောင်ခြင်းထက်၊ ကိုယ်တော်၏ အလိုဆန္ဒကို သိနိုင်ရန် (ညွှန်း၊၁ရှမွေ၊၁၅း၂၂။ ဒေ၊၉း၁) ကိုယ်တော်၏ စကားကို နားထောင်ဖို့ ပိုမိုလိုလားနှစ်သက်ခဲ့ကြောင့် ကျွန်ုပ်တို့ မြင်ရသည် (အငယ်၊၃၉)။

**III. မာသနှင့် မာရိအကြော်းသည် ကောင်းသော ရှမာရိ၏ ပုံဥပမာနောက်မှ ချက်ချင်းဖော်ပြခံရခြင်းမှာ အလွန်အဓိပ္ပါယ်ရှိသည် (လု၊၁၀း၂၅–၃၇)၊ ပုံဥပမာသည် လူတစ်ဦးဖြစ်သောအရှင် ကယ်တင်ရှင်၏ ချစ်သနားခြင်းနှင့် အပြစ်သားများနှင့်စပ်ဆိုင်သောသူဖြစ်လာခြင်းကို ပြသသည်။ မာသနှင့် မာရိအကြောင်းသည် ဘုရားသခင်ဖြစ်တော်မူသောသူ၊ သခင်ဘုရား၏ အလိုဆန္ဒ၊ နှစ်သက်လိုလားခြင်းနှင့် ယုံကြည်သူများ၏ သခင်ဖြစ်လာခြင်းကို ဖွင့်ပြသည် (အငယ်၊၃၈–၄၂)။**

က။ ကယ်တင်ရှင်သည် သူ၏ သနားခြင်းနှင့် ချစ်ခြင်းကို ကျွန်ုပ်တို့အား ပေးခဲ့သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခံရနိုင်မည်ဖြစ်သည်။ သခင်ဘုရားသည် သူ၏ အလိုဆန္ဒနှင့် နှစ်သက်လိုလားခြင်းကို ထင်ရှားပြသခဲ့ခြင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို အစေခံနိုင်ရန်ဖြစ်သည်။

ခ။ ကယ်တင်ရှင်ထံမှ ကယ်တင်ခြင်းကို လက်ခံရရှိပြီးနောက်၊ ကျွန်ုပ်တို့သည် သခင်ဘုရားအဖို့ ပြန်လည်အစေခံကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက်၊ ကျွန်ုပ်တို့သည် ကယ်တင်ရှင်၏ သနားခြင်းနှင့် ချစ်ခြင်းကို နားလည်သဘောပေါက်ရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ အစေခံခြင်းအတွက် ကျွန်ုပ်တို့သည် သခင်ဘုရား၏ အလိုဆန္ဒနှင့် နှစ်သက်ခြင်းကို သိရှိရန်လိုအပ်သည်။

**IV. ကျွန်ုပ်တို့သည် ကိုယ်တော်၏ အလိုဆန္ဒကို သိရှိရန်အလို့ငှာ သခင်ဘုရား၏စကားတော်ကို နားထောင်ရန် လိုအပ်သည်။**

က။ သခင်ဘုရားသည် ဗေသနိရွာရှိ မာသ၏ အိမ်သို့ ရောက်ရှိလာခဲ့သောအချိန်တွင် အစားအစာဖြင့် အလုပ်ကျွေးပြုစေရန်မှာ ကိုယ်တော်၏ အလိုဆန္ဒမဟုတ်ခဲ့ပါ။ ဆန့်ကျင်ဘက်အနေဖြင့် ကိုယ်တော်၏ အလိုဆန္ဒမှာ သူ၏ ကယ်တင်ခံရသောသူတို့သည် ကိုယ်တော်၏ စိတ်နှလုံးတော်ရှိအရာကို သိကျွမ်းခြင်းငှာ ကိုယ်တော်အား နားထောင်ကြရန်ဖြစ်သည်။

ခ။ သခင်ဘုရားသည် စားသောက်ခြင်းအကြောင်းကို ဂရုမစိုက်ခဲ့ပါ။ ကိုယ်တော်က သူ့ကို ချစ်သောသူတို့သည် တိတ်ဆိတ်စွာနေရန်၊ ကိုယ်တော်နှင့်အတူ ထိုင်ရန်၊ ကိုယ်တော့်ကို နားထောင်ရန်နှင့် ကိုယ်တော်၏ စကားပြောခြင်းကို အာရုံစိုက်ရန် အလိုရှိခဲ့သည်။

ဤနည်းလမ်းဖြင့် သူတို့သည် ကိုယ်တော်၏ အလိုဆန္ဒနှင့် နှစ်သက်လိုလားခြင်းကို သိရှိနိုင်မည်ဖြစ်သည်။

ဂ။ လုကာ ၁၀း၃၉ ၌ မာရိသည် သခင်ဘုရား၏ ခြေတော်ရင်း၌ ထိုင်၍ ကိုယ်တော်၏ စကားတော်ကို နားထောင်လျက်နေ၏။ နောက်ပိုင်းတွင် သူမသည် ကိုယ်တော်၏ အသေခံခြင်းမတိုင်မီ၊ သုတ်လိမ်းရန် ဆီမွှေးကို ပြင်ဆင်ခဲ့သည် (ယော၁၂း၃)။ သူမသည် ကယ်တင်ရှင်၏ စကားတော်ကို နားထောင်ခြင်းအားဖြင့် ဤအရာကို သိရှိခဲ့သည်။ ကယ်တင်ရှင်၏ ခြေတော်ရင်း၌ ထိုင်၍၊ ကိုယ်တော်၏ စကားတော်ကို နားထောင်ခြင်းအားဖြင့် သူမသည် ကိုယ်တော်၏ အလိုဆန္ဒနှင့် နှစ်သက်လိုလားမှုကို သိရှိခဲ့သည်။

## V. လုကာ ၁၀း၃၈–၄၂ ၌ သခင်ဘုရားက သူ၏ အသေခံတော်မူခြင်းအကြောင်းကို မာရိအား မိန့်တော်မူခဲ့ပေမည်။ ထိုအချိန်တွင် ကယ်တင်ရှင်၏ စိတ်နှလုံးတော်၌ရှိသောအရာမှာ ကိုယ်တော်၏ အသေခံခြင်းသို့ နီးကပ်လာနေပြီဖြစ်သည်။

က။ ကိုယ်တော်သည် အသေခံရန် ယေရုရှလင်မြို့သို့ သွားနေခြင်းဖြစ်ကြောင်း မာရိ သိနားလည်ခဲ့သည်။ သခင်ဘုရားသည် သူ၏ အသေခံခြင်းအကြောင်းကို သူ၏ တပည့်တော်များထံ နှစ်ကြိမ်တိုင် ဖွင့်ပြပေးခဲ့သည်၊ သို့သော် သူတို့သည် သခင်ဘုရား၏ စကားတော်ကို ကြားရန် နားမရှိခဲ့ကြပါ – အညွှန်း၊ လု၉း၂၂၊ ၄၃ခ–၄၅။

ခ။ မည်သို့ပင်ဖြစ်စေ၊ မာရိသည် ကိုယ်တော်၏ အသေခံခြင်းနှင့်ပတ်သက်၍ သခင်ဘုရား၏ စကားတော်ကို ကြားကာ၊ ဤစကားတော်ကို ယူဆောင်ခဲ့သည်။ ကိုယ်တော်၏ အသေခံခြင်းနှင့်ပတ်သက်သော သခင်ဘုရား၏ စကားတော်ကို ကြားပြီး၊ သူမသည် ကိုယ်တော် အသေမခံမီ ကိုယ်တော့်ကို သုတ်လိမ်းရန် အခွင့်အရေးကို ရှာဖွေခဲ့သည် – မ၊ ၂၆း၁၂။

## VI. မဿဲ ၂၆း၁၆–၁၃ သည် မာရိ၏ အကြောင်းဖြစ်သည်။

က။ ဧဝံဂေလိတရား၏ အကြောင်းအရာမှာ သခင်ဘုရားသည် ကျွန်ုပ်တို့အား ချစ်ခြင်းဖြစ်၍၊ မာရိ၏ အကြောင်းအရာမှာ သူမသည် သခင်ဘုရားကို ချစ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ကျွန်ုပ်တို့ကို ချစ်ခြင်းနှင့် ကျွန်ုပ်တို့၏ သခင်ဘုရားကို ချစ်ခြင်း နှစ်ခုစလုံးကို ဟောပြောရမည်။

၁။ တစ်ခုမှာ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက်ဖြစ်၍၊ အခြားတစ်ခုမှာ ကျွန်ုပ်တို့၏ ဆက်ကပ်အပ်နှံခြင်းအတွက်ဖြစ်သည်။

၂။ ဧဝံဂေလိတရားသည် သခင်ဘုရားက ကျွန်ုပ်တို့အား မည်ကဲ့သို့ ချစ်တော်မူကြောင်း ပြောပြသည်၊ သို့သော် မာရိ၏ ချစ်ခြင်းအကြောင်းမှာ သခင်ဘုရားကို ချစ်ရန် နှိုးဆော်ထားသည်။ ထို့ကြောင့် အပြန်အလှန်ချစ်ခြင်းမေတ္တာကို လိုအပ်သည်။ ဤသည်မှာ ဧဝံဂေလိတရားဟောပြောခြင်းနှင့်အတူ လိုက်ပါရမည်ဖြစ်သည်။

ခ။ မာရိသည် ယေရှု၏ ခေါင်းပေါ်၌ ဆီမွှေးကို သွန်းလောင်းသောအခါ၊ သူမသည် လူအများ၏ ပြစ်တင်ဝေဖန်ခြင်းကို ခံခဲ့ရသည်။ သူတို့သည် သခင်ဘုရား၏ ခေါင်းပေါ် သို့ သွန်းလောင်းရန် ဒေနာရိသုံးရာကို ဖြုန်းတီးခြင်းဖြစ်သည်၊ ထိုငွေကို ဆင်းရဲသော သူတို့အား ပေးဝေ၍ လူများစွာတို့ကို ဂရုစိုက်နိုင်သည်ဟု ညည်းတွားခဲ့ကြသည် – အငယ်၊ ၈–၉။

ဂ။ တပည့်တော်များက သခင်ဘုရားအပေါ် ပေးအပ်သော မာရိ၏ ချစ်ခြင်းကို ဖြုန်းတီးခြင်းသက်သက်ဟု ထင်မြင်ယူဆခဲ့ကြသည်။ လွန်ခဲ့သော နှစ်ဆယ်ရာစုနှစ်တစ်လျှောက်လုံး၌ ထောင်ပေါင်းများစွာသော အဖိုးတန်အသက်တာများ၊ စိတ်နှလုံးဏ္ဍာများ၊ မြင့်မားသော အဆင့်အတန်းများနှင့် ရွှေရောင်သန်းသော အနာဂတ်များကို သခင်ယေရှုအတွက် "စွန့်လွှတ်"ခဲ့ကြသည်။ ဤနည်းကဲ့သို့ ကိုယ်တော်ကို ချစ်သောသူများအတွက် ကိုယ်တော်သည် သူတို့၏ ပူဇော်ခြင်းကို ချစ်ခင်တန်ဖိုးထားပါသည်။ ကိုယ်တော်အပေါ် သို့ သွန်းလောင်းချသော သူတို့၌ရှိသောအရာသည် ဖြုန်းတီးမှုတစ်ခုမဟုတ်၊ ကိုယ်တော်၏ ချိုမြိန်မွှေးပျံ့ကြိုင်လှိုင်သော သက်သေခံချက်တစ်ခုဖြစ်သည် – မ၊ ၂၆း၈၊ မှတ်စု ၁။

ဃ။ သခင်ဘုရားက "ဤဧဝံဂေလိတရားကို မြေတစ်ပြင်လုံးတွင် ဟောသောအရပ်ရပ်တို့၌ ဤမိန်းမကို အောက်မေ့စရာဖို့ သူပြုသော ဤအမှုကို ကြားပြောရကြလတံ့ဟု မိန့်တော်မူ၏" – အငယ်၊ ၁၃။

၁။ မာရိ၏ အကြောင်းအရာကို ဧဝံဂေလိတရား ဟောပြောသောနေရာတိုင်းတွင် ဟောပြောရမည်၊ အဘယ်ကြောင့်ဆိုသော် ဧဝံဂေလိတရားကို ဟောပြောသည့်အချိန်တိုင်း သမ္မာတရား၏ လိုက်ဖက်ညီခြင်းကို စောင့်ထိန်းထားရန် မာရိ၏ အကြောင်းအရာကို လိုအပ်သောကြောင့်ဖြစ်သည်။

၂။ လူများစွာတို့သည် သေခြင်းမှ အသက်ထဲသို့ ကူးပြောင်းနိုင်ခြင်း၊ စီရင်ခြင်းမှ ထာဝရအသက်နှင့် ကယ်တင်ခြင်းသို့ ရောက်ရှိနိုင်ကြောင်းကို အခြားသူများအား ပြောပြခြင်းဖြင့် ဧဝံဂေလိတရားကို ဟောပြောကြသည်။ လူတို့သည် ဤကဲ့သို့သော ဧဝံဂေလိတရားမျိုးကို ကြားနာလို၏။ သို့သော် သူတို့ ယုံကြည်ပြီးမှ သခင်ဘုရားထံ မိမိကိုယ်ကို ပူဇော်ရမည်၊ ဘုရား

သခင်ကို နာခံရမည်၊ ကိုယ်တော်၏ အကျဉ်းသားများနှင့် ကျွန်များဖြစ်ရမည်ဟု သူတို့ကို ပြောပါက၊ သူတို့သည် လက်ခံရန် ငြင်းဆို ကြလိမ့်မည်ဖြစ်သည်။

၃။ ဧဝံဂေလိတရားကိုသာ ဟောပြောလျှင် အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် မာရိ၏ အကြောင်းအရာကို ဟောပြောရမည်။ တစ်ဖက်တွင် ကျွန်ုပ်တို့သည် ဧဝံဂေလိတရားကို ဟောပြောရမည်၊ သို့သော် အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် ခပ်သိမ်းသောအရာကို သခင်ဘုရားထံသို့ ပေးအပ်ရမည်။

၄။ ပေါလုက "တစ်ယောက်သောသူသည် လူအပေါင်းတို့အတွက်ကြောင့် အသေခံသည်မှန်လျှင်၊ လူအပေါင်းတို့သည် သေလျက်ရှိကြောင်းကို သိရကြောင်း" ပြောဆိုထားသည် (၂ကော၊၅း၁၄)။ ဤသည်မှာ ဧဝံဂေလိတရားဖြစ်သည်။

၅။ သို့သော် ၎င်းသည် ဤနေရာ၌ အဆုံးမသတ်ထားပါ၊ ဤအရာပြီးနောက် ပေါလုက "အသက်ရှင်သောသူတို့သည် တစ်ဖန်ကိုယ်အလိုသို့ လိုက်၍မရှင်၊ သူတို့အတွက်ကြောင့် အသေခံပြီးမှ ထမြောက်တော်မူသောသူ၏ အလိုသို့ လိုက်၍ ရှင်စေမည်အကြောင်း၊ ကိုယ်တော်သည် လူအပေါင်းတို့အတွက် အသေခံတော်မူ၏"ဟူ၍ ပြောဆိုထားသည် (အငယ်၊၁၅)။ ဤသည်မှာ မာရိလုပ်ဆောင်ခဲ့သောအရာဖြစ်သည်။

၆။ သခင်ဘုရားသည် ကျွန်ုပ်တို့အတွက် အသေခံတော်မူခဲ့သောအရှင်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်အတွက် အသက်ရှင်နိုင်ရန်ဖြစ်သည်။

၇။ ယနေ့သည် ကိုယ်တော့်အပေါ် ကျွန်ုပ်တို့၏ ချစ်ခြင်းကို ဖော်ပြရန် တစ်ခုတည်းသောအချိန်ဖြစ်သည်။ ထို့နေ့၌ ကျွန်ုပ်တို့သည် သခင်ဘုရားကို မြင်၍ ကိုယ်တော့်ကို ချစ်ခြင်းသည် အံ့သြဖွယ်အရာမဟုတ်တော့ပါ။ ယနေ့ ကျွန်ုပ်တို့သည် ကိုယ်တော်ကို မမြင်ရဘဲ ကိုယ်တော်ကို ချစ်ခြင်းမှာ အဖိုးတန်သောအရာဖြစ်သည် – အညွှန်း၊ ၁ပေ၊၁း၈။